လင်းသစ်ရောင်စဉ်

# ၂၁ ရာစုကို တရုတ်ပိုင်စိုးမည်လော

သန်းစိုးနိုင်

does the 21st century
BELONG TO CHINA?
The Munk Debate On China

# အမှာ စကား ပန်ကြားလွှာ

လေးစားရပါသော စာဖတ်သူများ ခင်ဗျား -

ဖြစ်စဉ်ကြီး၏ တွန်းအားပေးမှုအောက်တွင် ၂၀ နှောင်းပိုင်းမှ စ၍ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုဆုံချက်သည် အတ္တလန်တိတ်သမုဒ္ဒရာမှ သည် ပစိဖိတ်သမုဒ္ဒရာဆီသို့ ဦးတည်ရွှေ့လျားခဲ့ပြီး ဖြစ်ပါသည် ။ အထူးသဖြင့် အရှေ့အာရှမှ သည် အရှေ့တောင်အာရှထိသော ဒေသများ သည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟု န် အားအကောင်းဆုံးဒေသများ ဖြစ်လာခဲ့ရ၏။ အဆိုပါဒေသများ ရှိ စင်ကာပူ၊ ထိုင်ဝမ်၊ တောင်ကိုရီးယား စသည့်နိုင်ငံများက ၇၀ ခုနှစ်များ အတွင်းမှာ ပင် ထွန်းသစ်စစက်မှုနိုင်ငံများ (NIC) အဆင့်သို့ရောက်ရှိလာခဲ့ကြပြီး ‘အာရှကျား’ များ အဖြစ် ခုန်ထွက်လာခဲ့ကြသည် ။ ၎င်းတို့ နောက်မှ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများ အာရှကျားစားရင်း ဝင်မှုအလားအလာကောင်းသော နိုင်ငံများ ဖြစ်လာခဲ့ကြပေပြီ။

တစ်ချိန်တည်းတွင် အာရှကုန်းမြေကြီးပေါ်ရှိ တရုတ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကလည်း အံ့မခန်းပင် ဖြစ်၏။ တရုတ်ပြည်၏ ဖွံ့ဖြိုးမှုနှုန်းမှ ကမ္ဘာတွင် မကြုံဖူး၊ မကြားဖူးလောက်အောင် နှစ်စဉ် ဂဏာန်းနှစ်လုံး (2 Digit = ၁၀ ရာခိုင်းနှုန်းအထက်) ဖွံ့ဖြိုးမှုနှုန်းကို ဆယ်စုနှစ် ၃ စုတိုင် ထိန်းသိမ်းထားနိုင်ခဲ့၏။ သို့ဖြင့် ၂၀၁၅ ခုနှစ်သို့ရောက်သည့်အခါ ဂျပန်နိုင်ငံ၏ အဆင့်နေရာကို ကျော်တက်ကာ အမေရိကန်ပြီးလျှင် ကမ္ဘာ့စီးပွား

ရေးအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာတော့သည် ။ 'ကျားကြီးလျှင် ခြေရာလည်း ကြီးလာတတ်သည့်' သဘာဝနှင့်အညီ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အချိုးညီစွာ စစ်ရေးတည်ဆောက်မှုကလည်း ကြီးကျယ်များ ပြားလာ၏။ ယင်းသို့ တရုတ်စစ်ဆင်ရေးအင်အား လျှင်လျှင်မြန်မြန်ကြီးထွားခြင်းက ဒေသတွင်းနိုင်ငံငယ်လေးများ ၏ လုံခြုံရေးအတွက် စိတ်မအေးစရာ ဖြစ်လာသကဲ့သို့ ပစိဖိတ်ဒေသတွင်းမဟာမိတ်များ ၏ အကျိုးစီးပွားကို ကာကွယ်ရန် တာဝန်ယူထားသော အမေရိကန်နိုင်ငံအနေဖြင့် သတိကြီးစွာစောင့်ကြည့်ရမည့် အနေအထားသို့ ရောက်ရှိလာတော့သည် ။ ယင်းသို့သော အခြေအနေအောက်တွင် တရုတ်တို့ က တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးမျှကို ၎င်းတို့ ၏ ပိုင်နက်နယ်မြေအဖြစ် သတ်မှတ်ကြေငြာအေးလိုက်သည့်အခါ ထိုင်ဝမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယမ်နမ် စသည့်နိုင်ငံများ နှင့်ဆက်ဆံရေး အလွန်တင်းမာလာခဲ့ရ၏။ တစ်ချိန်တည်းတွင် အရှေ့ပိုင်းပင်လယ်တွင် လည်း တရုတ်နှင့်ဂျပန်တို့ အကြား ပိုင်နက်နယ်မြေအငြင်းပွားမှုက သည်းသန်ပြင်းထန်လာခဲ့ပြန်၏။ ယင်းသို့သော အခြေအနေတွင် ပစိဖိတ်ဒေသတွင်း နိုင်ငံတကာရေကြောင်းလမ်း လုံခြုံရေးကို အစဉ်တစိုက်တာဝန်ယူလာခဲ့သော အမေရိကန်နှင့် တရုတ်တို့ အကြား ထိပ်တိုက်ရင်ဆိုင်မှုများ တိုးတက်ကြီးထွားလာနေခဲ့သည် ။ ဆိုရလျှင် အရှေ့အာရှဒေသ တောင်တရုတ်ပင်လယ်တို့ သည် ၂၁ ရာစု စစ်အေးခေတ်သစ်တစ်ရပ် ပေါ်ထွန်းလာနိုင်မည့် မဟာဗျူဟာအားပြိုင်ပွဲ၏ ဆုံမှတ်တစ်ခု ဖြစ်လာမည်ကို ကမ္ဘာကြီးက စိုးရိမ်ကြောင့် ကျစွာ ရင်မ၍ စောင့်ကြည့်နေရချိန်ဖြစ်သည် ။

ဤမှာ ပင် ကနေဒါနိုင်ငံ ပြည်သူ့မူဝါဒရေးရာ လှုပ်ရှားမှုအဖွဲ့က ကျင်းပမြဲဖြစ်သော မန့်ခ်ငြင်းခုံပွဲ (The Munk Debate) သို့ နိုင်ငံတကာရေး

တန်းရောက် ပညာရှင်များကို ဖိတ်ခေါ်၍ '၂၁ ရာစုကို တရုတ်ပိုင်စိုးမည်လော' ခေါင်းစဉ်ဖြင့် အရှေ့အာရှ တောင်တရုတ်ပင်လယ်အရေးကို ဆွေးနွေးငြင်းခုံစေခြင်း ဖြစ်သည်။ ဤငြင်းခုံပွဲတွင် ဟင်နရီကစ်ဆင်ဂျာ၊ နီးလ်ဖာဂူဆန်၊ ဖာရိဒ်ဇကားရီးယားနှင့် ဒေါက်တာလီ စသည့်နိုင်ငံတကာ မဟာဗျူဟာကျွမ်းကျင်သူ ထိပ်တန်းပညာရှင်ကြီးများ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် အခြားသော ပညာရှင်အများ လည်း ပါဝင်ဆွေးနွေးမေးမြန်းခွင့်ရခဲ့ကြပါသည်။

စင်စစ်အားဖြင့် ဤငြင်းခုံပွဲအကြောင်းကို '၂၁ ရာစုကို တရုတ်ပိုင်စိုးမည်လော' ခေါင်းစီးဖြင့် ၂၀၁၃ ခုနှစ်က လူငယ်တစ်ယောက် စာအုပ်တိုက်မှ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ကံမကောင်းအကြောင်းမလှစွာပင် စာမျက်နှာ ၂၂ မျက်နှာပါဝင်သော မန့်ခ်ငြင်းခုံပွဲများ အကြောင်း ပထမဆုံးအခန်းမှာ ပုံနှိပ်ရာတွင် ပါဝင်ခြင်းမရှိခဲ့ပါ။ ထိုသို့ 'ခေါင်းမပါသော ကိုယ်ထည်သက်သက်' ကို စာဖတ်သူများ ထံသို့ ဖြန့်ဝေတင်ဆက်မိခဲ့ခြင်းအတွက် စာဖတ်သူများကို အနူးအညွတ် အလေးအနက် တောင်းပန်အပ်ပါသည်။ ခွင့်လွှတ်တော်မူကြပါရန်…။

ဤသို့ဖြင့် '၂၁ ရာစုကို တရုတ်ပိုင်စိုးမည်လော' စာအုပ်ကို ထပ်မံပြန်လည်ဖြည့်စွက် မွမ်းမံတင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။ ယခုစာအုပ်တွင် မန့်ခ်ငြင်းခုံပွဲအကြောင်းသာမက တွေ့ဆုံမေးမြန်းခန်းများ၊ မဟာဗျူဟာပြိုင်ပွဲသစ်ဆိုင်ရာ သုံးသပ်ချက်ဆောင်းပါးများကို အပိုင်း ၃ ပိုင်းခွဲ၍ တင်ပြထားပါသည်။ ချို့ယွင်းအားနည်းချက်များ အတွက် ကျေးဇူးကြွေးဆပ်သည် ဟူ၍ သာ မှတ်ယူပေးကြပါရန် တောင်းပန်မေတ္တာရပ်ခံအပ်ပါသည်။

**လေးစားစွာဖြင့်**

သန်းစိုးနိုင်

*

အပိုင်း (၁)
မဟာဗျူဟာဆိုင်ရာ ဆွေးနွေးငြင်းခုံပွဲ

# မန့်ခ်ငြင်းခုံပွဲများ

## (The Munk Debates)

မန့်ခ်ငြင်းခုံပွဲများမှာ ကနေဒါနိုင်ငံ၏ အဆင့်မြင့်ပြည်သူ့မူဝါဒရေးရာ လှုပ်ရှားမှုတစ်ခုပင်ဖြစ်သည် ။ အဆိုပါငြင်းခုံပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပမြဲ ဖြစ်၏။ ဤငြင်းခုံပွဲသို့ နိုင်ငံတကာမှ ရှေ့တန်းရောက် ပညာရှင်ကြီးများကို ဖိတ်ခေါ်၍ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးငြင်းခုံပွဲကြီး တွင် ကမ္ဘာကြီးနှင့် ကနေဒါနိုင်ငံတို့ မျက်မှောက်ပြု ရင်ဆိုင်နေကြရသ ည့် ပြည်သူ့ရေးရာမူဝါဒပြဿနာကြီးများကို ငြင်းခုံဆွေးနွေးစေခဲ့ခြင်းဖြ စ်သည် ။ ဆွေးနွေးငြင်းခုံပွဲများကို ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့ရှိ ပြည်သူ လူထုရှေ့မှောက်တွင် ကျင်းပပြောဆိုစေခဲ့ပြီးကနေဒါနိုင်ငံနှင့် နိုင်ငံတ ကာမီဒီယာများမှ တိုက်ရိုက် တစ်ကမ္ဘာလုံးသို့ လွှင့်ထုတ်ပေးခဲ့ခြင်းဖြစ် သည် ။ မကြာမီက ကျင်းပခဲ့သည့် မန့်ခ်ဆွေးနွေးငြင်းခုံပွဲများ တွင် ပါဝင် ခဲ့ကြသူများမှာ -

တိုနီဘလဲ (Tony Blair)- ရောဘတ်ဘဲလ်(Robert Bell)

ဂျွန်ဘော်တန် (John Bolton)- ပေါလ်ကူလီယာ(Paul Collier) ဟိုးဝ ပ်ဒင်း (Howard Dean)- ဟာနန်ဒိုဒီဆာတိ(HernandodeSato) ဂါးရက်

အီဗန် (Gareth Evans)- မီယာဖားရို (Mia Farrow) နီးလ်ဖာဂူဆန် (Neil Ferguson)- ဝီလျံဖရစ် (William Frist) ဒေးဗစ်ဂရက်ဇာ (David Gratzer) - ရစ်ခ်ဟီလာ(Rick Hiller) ခရစ္စတိုဖာဟာစ်ချင်(Christopher Hitchen)- ရစ်ချတ်ဟိုးဘရုတ် (RichardHolbrore) ဟင်နရီကစ်ဆင်ဂျာ (HenryKis singer)- ချားလ်ကရောသားမင်း(Chares Krautherman) နစ်ဂဲလော်ဆင် (Nigel Lawson)- စတီဖင်လူးဝစ်(Stephen Lewis) ဒေးဗစ်လီ (David Li) - ယွန်းလောမ်ဘော့(Bojorn Lomborg) အယ်လီဇဘက်မေ (Eizabeth M ay)- ဂျော့မွန်ဘော့(GeorgeMonbiot) ဒမ်ဘီဆာမိုရို (Dambisa Moyo)- စမန်သာ (Samantha)

ဖာရိဒ်ဇကားရီးယား (Fareed Zakaria) တို့ ဖြစ်ကြသည် ။

မန့်ခ်ဆွေးနွေးငြင်းခုံပွဲများမှ အော်ရီယာဖောင်ဒေးရှင်း (Aurea Foun dation) မှ ဦးစီးကျင်းပခဲ့ခြင်းဖြစ်သည် ။ ဤဖောင်ဒေးရှင်းကို ၂၀၀၆ ခုနှစ်က ပီတာမန့်ခ် (Peter Munk) နှင့် မယ်လနီမန့်ခ် (Melanie Munk) တို့ ဇနီးမောင်နှံက ပြည်သူ့မူဝါဒသုတေသနနှင့် ဆွေးနွေးပွဲလုပ်ငန်းများ အတွက် ထူထောင်လှူဒါန်းခဲ့ခြင်း ဖြစ်၏။

မန့်ခ်ငြင်းခုံဆွေးနွေးပွဲတွင် ပါဝင်သူများ (About The Debaters)

## နီးလ်ဖာဂူဆန် (Nail Ferguson)

ဟားဗတ်တက္ကသိုလ်မှ သမိုင်းပါမောက္ခတစ်ဦးဖြစ်သကဲ့သို့ ဟားဗတ်စီးပွားရေးကျောင်းတော်တွင် စီးပွားစီမံပညာပါမောက္ခတစ်ဦးလည်း ဖြစ်သည် ။ ထို့ပြင် အောက်စ်ဖို့ တက္ကသိုလ် ယေရှုကောလိပ်၏ အကြီးတန်းသုတေသနအရာရှိတစ်ဦးဖြစ်သကဲ့သို့ စတန်းဖို့ တက္ကသိုလ် ဟူးဗားသိပ္ပံ၏ အထက်တန်းအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည် ။ ဖာဂူဆန်သည်

စီးပွားရေးပညာဆိုင်ရာအရောင်းသွက်စာအုပ်များ စွာ ရေးသားခဲ့သူ ဖြစ်၏။ သူ၏ နောက်ဆုံးထုတ်စာအုပ်မှာ ‘Civilization: The West And The Rest’ ဖြစ်သည် ။ ထို့အတူ ခေတ်ပြိုင်နိုင်ငံရေးနှင့် စီးပွားရေးပြဿနာနှင့် စပ်လျဉ်း၍ စူးရှထက်မြက်စွာ သုံးသပ်ပြနိုင်စွမ်းရှိသော ဝေဖန်ရေးဆရာတစ်ဦး ဖြစ်၏။ သို့ဖြင့် ဖာဂူဆန်သည် Newsweek မဂ္ဂဇင်းကြီး၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်သကဲ့သို့ financial Time သတင်းစာကြီးတွင် လည်း အမှုဆောင်အယ်ဒီတာကြီးတစ်ဦး ဖြစ်ပေသည် ။

## ဟင်နရီကစ်ဆင်ဂျာ (Henry Kissinger)

၁၉၇၃ ခုမှ ၁၉၇၇ ခုနှစ်အထိ အမေရိကန်နိုင်ငံ၏ ၅၆ ယောက်မြောက် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည် ။ ထို့ပြင် ပထဝီနိုင်ငံရေး မဟာဗျူဟာနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် အရှိန်အဝါဩဇာအကြီးမားဆုံး ပုဂ္ဂိုလ်တစ်ယောက်ပင်ဖြစ်သည် ။ သူ၏ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေဖြင့် စွမ်းဆောင်အောင်မြင်မှုများ အနက် အကြီးကျယ်ဆုံးသောကောင်းမှုမှာ အမေရိကန်နှင့် တရုတ်တို့ ၏ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံစလုံးအတွက် အရေးကြီးဆုံးကာလတွင် ပုံမှန်ဆက်ဆံရေးထူထောင်နိုင်ရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည် ။ အစိုးရဝန်ထမ်းဘဝကို စွန့်ခွာပြီးနောက် သူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အကြံပေးအဖွဲ့ကြီးဖြစ်သည့် Kissinger Associates ကို ထူထောင်ခဲ့၏။ ၁၉၇၃ ခုနှစ်တွင် ကစ်ဆင်ဂျာသည် ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံခဲ့ရပြီး ၁၉၇၇ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ အရပ်သားတစ်ဦးအား အမြင့်ဆုံးချီးမြှင့်သည့် ဘွဲ့တံဆိပ်ဖြစ်သော ‘လွတ်လပ်ခွင့်ဆိုင်ရာသမ္မတ၏ ဆုတံဆိပ်’ ဆွတ်ခူးရရှိခဲ့သည် ။ မကြာမီကထုတ်ဝေခဲ့သည့် ‘On China’ အပါအဝင် နိုင်ငံရေးနှင့် သံတမန်ရေးဆိုင်ရာစာအုပ်

ပေါင်း တစ်ဒါဇင်ကျော်ခန့် ရေးသားခဲ့သူပင် ဖြစ်သည် ။

**ဒေးဗစ်လီ** (David Li)

ဘေဂျင်းရှိ ရှင်းဟွာတက္ကသိုလ် စီးပွားရေးနှင့် စီမံခန့်ခွဲရေးပညာကျောင်းတော်ကြီးရှိ 'ကမ္ဘာ့စီးပွားရေးတွင် တရုတ်ပြည်၏ အခန်း' လေ့လာသုတေသနပြုရေး မဟာဌာနကြီး၏ ညွှန်ကြားရေးမှူး ဖြစ်၏။ အဆိုပါ တက္ကသိုလ်တွင် ယခုအခါ စီးပွားရေးအသွင်ကူးပြောင်းမှုကော်ပိုရေးရှင်းကြီးများ ၏ ဘဏ္ဍာရေး၊ နိုင်ငံတကာစီးပွားရေးနှင့် တရုတ်ပြည်စီးပွားရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချနေဆဲဖြစ်သည် ။ ဒေါက်တာလီသည် စီးပွားရေးပါရဂူဘွဲ့ကို ဟားဗတ်တက္ကသိုလ်ကြီးမှ ရရှိခဲ့သူ ဖြစ်၏။ ထို့ပြင် တရုတ်ပြည်ဗဟိုဘဏ်ကြီး၏ ငွေရေးကြေးရေးမူဝါဒကော်မတီတွင် ပါဝင်သူ ပညာရှင် ၃ ဦးအနက် တစ်ဦး ဖြစ်၏။ ထို့ပြင် ဒေါက်တာလီသည် ဘေဂျင်းပြည်သူ့ကွန်ဂရက်တွင် ကိုယ်စားလှယ်တစ်ဦးဖြစ်သကဲ့သို့ အမျိုးသားနိုင်ငံရေးအတိုင်ပင်ခံကော်မတီတွင် လည်း အဖွဲ့ဝင်တစ်ဦး ဖြစ်ပေသည် ။

**ဖာရိဒ်ဇကားရီးယား** (Fareed Zakaria)

CNN သတင်းဌာနကြီး၏ အရေးပါဆုံးသော 'နိုင်ငံတကာရေးရာ' အစီအစဉ်ကြီး၏ ဧည့်သည် တော်အဖွဲ့ဝင် ဖြစ်၏။ ထို့ပြင် ကမ္ဘာကျော် 'တိုင်းမ်' မဂ္ဂဇင်းကြီး၏ ပြင်ပအယ်ဒီတာတစ်ဦးလည်း ဖြစ်သည် ။ တစ်ချိန်းတည်းတွင် ကမ္ဘာကျော် အရောင်းသွက်စာအုပ်စာရင်းဝင် 'The Future of Freedom'နှင့် 'The Post American World' စာအုပ်များကို ရေးသားခဲ့သူ ဖြစ်၏။ Esquire မဂ္ဂဇင်းကြီးက သူ့ကို 'သူတို့ မျိုးဆက်တွင် အထူးချွန် အပြောင်မြောက်ဆုံး နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးဖြစ်သည် '

ဟု အကဲဖြတ်ထား၏။ ထို့အတူ Foreign Policy မဂ္ဂဇင်းကြီးကလည်း ‘ ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်ပညာရှင် ၁၀၀’ တွင် ရှေ့တန်းမှ ပါဝင်သူတစ်ဦးအဖြစ် ချီးကျူးခဲ့၏။ တိုင်းမ်မဂ္ဂဇင်းအဖွဲ့တွင် မဝင်ရောက်မီက ဇကားရီးယားသည် Newsweek မဂ္ဂဇင်းကြီး၏ နိုင်ငံတကာရေးရာ အယ်ဒီတာအဖြစ် ၁၀ နှစ် တာဝန်ယူခဲ့ပြီး Foreign Affairs မဂ္ဂဇင်း၏ အုပ်ချုပ်မှုအယ်ဒီတာအဖြစ် ၈ နှစ်တိုင် ဆောင်ရွက်ခဲ့သူဖြစ်သည် ။

**မန့်ခ်အယ်ဒီတာများ (Munk Editors)**

**ရုဒ်ယတ်ဂရစ်ဖစ် (Rudyard Griffith)**

စီးပွားရေးသတင်းကွန်ရက် ရုပ်မြင်သံကြားအစီအစဉ်ဖြစ်သော Soueeze Play တွင် ပါဝင်မြဲဖြစ်ပြီး National Post တွင် ပင်တိုင်ဆောင်ပါးရှင်တစ်ဦး ဖြစ်သည် ။ မန့်ခ်ငြင်းခုံဆွေးနွေးပွဲများ တွင် တွဲဖက်ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်သကဲ့သို့ Salon Speakers (ဧည့်ခန်းဆောင်စကားဝိုင်း) အစီအစဉ်ကို ဦးစီးသူလည်း ဖြစ်၏။ ထို့ပြင် ကနေဒါနိုင်ငံ၏ သမိုင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ ဆိုင်ရာ အကြီးကျယ်ဆုံး အဖွဲ့အစည်းဖြစ်သော ‘Historica Dominion Institute ’ကိုလည်း တွဲဖက်တည်ထောင်သူ တစ်ဦးဖြစ်ခဲ့၏။ ၂၀၀၆ ခုနှစ်က ကနေဒါနိုင်ငံ၏ ‘အသက် ၄၀ အောက် ထိပ်တန်းပုဂ္ဂိုလ် ၄၀ ’ တွင် ပါဝင်သူတစ်ဦးအဖြစ် ‘Globe and Mail’ မဂ္ဂဇင်းကြီးက ရွေးချယ်ခံခဲ့ရသူ ဖြစ်သည် ။ ထို့ပြင် နိုင်ငံရေး၊ သမိုင်းနှင့် နိုင်ငံတကာရေးရာစာအုပ် တစ်ဒါဇင်ခန့် တည်းဖြတ်ထုတ်ဝေခဲ့သူ အယ်ဒီတာလည်း ဖြစ်၏။ ၂၀၀၉ ခုနှစ်တွင် သူရေးသားခဲ့သည့် ‘Who we are : A Citizen’s Manifesto’ စာအုပ်ကို G & M မဂ္ဂဇင်းကြီးက အကောင်းဆုံးစာအုပ်အဖြစ် ရွေးချယ်ခဲ့၏။ ဂရစ်ဖစ်သည် ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့တွင် နေထိုင်ခဲ့သည် ။

## ပတ်ထရစ်လူစီယာနီ (Patrick Luciani)

လူစီယာနီသည် မန့်ခ်ငြင်းခုံဆွေးနွေးပွဲနှင့် ဧည့်ခန်းဆောင်စကားဝိုင်းများ ၏ တွဲဖက်ညွှန်ကြားရေးမှူးဖြစ်သည် ။ ထို့အတူ ‘Donner Canadian Foundation’ ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး စီးပွားရေးပညာဆိုင်ရာ စာအုပ် ၂ အုပ်ကိုလည်း ပူးတွဲပါဝင်ရေးသားခဲ့၏။ Obesity And The Limits of Shame စာအုပ်ကိုလည်း နီးလ်ဆီးမင်း (Neil Seeman) နှင့် ပူးတွဲရေးသားခဲ့သည် ။ ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့တွင် နေထိုင်လျက်ရှိသည် ။

*